# WIC အကြောင်း အလုံးစုံ

North Carolina WIC သည် အမျိုးသမီးများ၊ မွေးကင်းစများနှင့် ကလေးများတို့အတွက် အထူးဖြည့်စွက်အဟာရ အစီအစဉ်တစ်ခု ဖြစ်ပြီး၊ အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဌာနမှ ရန်ပုံငွေထောက်ပံ့ပေးထားခြင်း ဖြစ်သည်။

## WICမှ မည်သည်အား ထောက်ပံ့ပေးသနည်း။



မိခင်နို့တိုက်ကျွေးခြင်း ဆိုင်ရာ ပံ့ပိုးထောက်ပံ့မှု။



အဟာရဆိုင်ရာ ပညာပေး။



အဟာရဖြစ်စေသည့် အစားအသောက်များ။




ရပ်ရွာအဖွဲ့အစည်း အရင်းအမြစ်များထံသို့ ရည်ညွှန်းလွှဲပြောင်းမှု။

## WICသည် မည်သူအတွက် ဖြစ်သနည်း။



- ကိုယ်ဝန်ဆောင် အမျိုးသမီးများ။
- လွန်ခဲ့သည့် 12 လအတွင်း ကလေးမီးဖွားခဲ့သည့် မိခင်နို့တိုက်ကျွေးလျက်ရှိသူ အမျိုးသမီးများ။
- လွန်ခဲ့သည့် ၆လအတွင်း ကလေး မီးဖွားခဲ့သူ အမျိုးသမီးများ။
- မွေးကင်းစများ။
- အသက် 5 နှစ်ပြည့်သည့် အရွယ်အထိ ကလေးများ။

## ကျွန်ုပ် အရည်အချင်းပြည့်မီပါသလား။



**အရည်အချင်းပြည့်မီရန်ဂှာ သင် (သို့) သင့်ကလေးသည် –**

- North Carolina တွင် နေထိုင်သူ ဖြစ်ရမည် ဖြစ်သည်။
- WIC ဝင်ငွေ လမ်းညွှန်ချက်များဖြင့် ပြည့်မီကိုက်ညီရမည် ဖြစ်သည်။
- ကျန်းမာရေးနှင့် အဟာရဆိုင်ရာ အလေ့အကျင့်များနှင့်စပ်လျဉ်းပြီး WIC အဟာရဆိုင်ရာ ပညာရှင်တစ်ဦးဖြင့် ပြောဆိုဆွေးနွေးရမည် ဖြစ်သည်။

*မှတ်ချက် – Medicaid ၊ Work First (WF) ဟူ၍လည်း သိရှိထားကြသည့် ချို့တဲ့သူမိသားစုများ အတွက် ယာယီ ပံ့ပိုးထောက်ပံ့မှု (TANF) ၊ သို့မဟုတ် NC အစားအသောက်နှင့် အဟာရ ဝန်ဆောင်မှုများ (FNS/အစားအသောက် တံဆိပ်များ) လက်ခံရရှိထားသည့် ပုဂ္ဂိုလ်တစ်ဦးသည် WIC ဝင်ငွေလမ်းညွှန်ချက်များဖြင့် အလိုအလျောက် ပြည့်မီကိုက်ညီမည် ဖြစ်သည်။*

## မည်သည့်နေရာ၌ ကျွန်ုပ် လျှောက်ထားရမည်နည်း။



**သင်နှင့်အနီးစပ်ဆုံး WIC ရုံးခန်းအား ရှာဖွေရန် ဖော်ပြပါသို့ ဝင်ရောက်ကြည့်ရှုပါ** – www.ncdhhs.gov/ncwic/mywic

သို့မဟုတ် သင့်ဖုန်း ကင်မရာအား အသုံးပြု၍ ဤကုဒ်အား စကန်ဖတ်ပါ။

# ကျွန်ုပ်၏ ပထမဆုံးရက်ချိန်းသို့ မည်သည်အား ကျွန်ုပ် ယူဆောင်လာဖို့ လိုအပ်သနည်း။

**မည်သူမည်ဝါဖြစ်ကြောင်း သက်သေအထောက်အထား –**
လျှောက်ထားသည့် ပုဂ္ဂိုလ်တစ်ဦးချင်းစီအတွက် လက်ရှိ အထောက်အထား (ID) ဖောင်ပုံစံ အနည်းဆုံးတစ်ခုစီအား ယူဆောင်လာပေးပါ။ ဤတွင် အောက်ပါတို့ ပါဝင်နိုင်ပါသည် –

- ဓာတ်ပုံ ID ၊ DMV ။
- အလုပ် သို့မဟုတ် စစ်မှုထမ်း ID ။
- ကာကွယ်ဆေး မှတ်တမ်း (မွေးကင်းစများ/ကလေးများအတွက်သာလျှင်)။
- NC မဲပေးသူ မှတ်ပုံတင်ကတ်။
- လူမှုဖူလုံရေးကတ်။
- အာမခံကတ်။
- မွေးစာရင်း။
- ဆေးရုံ ID ကတ် သို့မဟုတ် လက်ပတ်။


**နေရပ်လိပ်စာ သက်သေအထောက်အထား (သင် နေထိုင်ရာနေရာ) –**
လျှောက်ထားသူ တစ်ဦးချင်းစီအတွက် လက်ရှိ နေထိုင်ရာ လိပ်စာအား ပြသသည့် နေရပ်လိပ်စာ အထောက်အထား အနည်းဆုံး တစ်ခုစီအား ယူဆောင်လာပေးပါ။ P.O. သေတ္တာပုံး လိပ်စာအား နေရပ်လိပ်စာ အထောက်အထားအဖြစ် အသုံးမပြုနိုင်ပေ။ အထောက်အထားအဖြစ် အောက်ပါတို့ ပါဝင်နိုင်ပါသည် –

- ဓာတ်ပုံ ID ၊ DMV ။
- လတ်တလော ရေ၊လျှပ်စစ်၊ဓာတ်ငွေ့ အထွေထွေအသုံးပြုမှု ငွေတောင်းခံလွှာ။
- ဘဏ်ငွေစာရင်းရှင်းတမ်း။
- အာမခံကတ်။
- အလုပ်လက်မဲ့ဖြစ်ကြောင်း အသိပေးစာ သို့မဟုတ် အကြောင်းကြားချက်။
- အစားအသောက်နှင့်အဟာရ ဝန်ဆောင်မှုများထံမှ အသိအမှတ်ပြုစာ (FNS/အစားအသောက် တံဆိပ်တုံးများ)။
- လက်ရှိ အပေါင်စာချုပ် သို့မဟုတ် အိမ်ငှား သဘောတူညီချက်။
- NC မဲပေးသူ မှတ်ပုံတင်ကတ်။

**ဝင်ငွေ သက်သေအထောက်အထား –**
သင်သည် Medicaid ၊ WF/TANF (သို့) FNS/အစားအသောက် တံဆိပ်တုံးများအား လက်ခံရရှိလျှင် ဝင်ငွေလမ်းညွှန်ချက်များဖြင့် အလိုအလျောက် ပြည့်မီကိုက်ညီမည် ဖြစ်ပြီး၊ ထပ်ဆောင်း အထောက်အထားများအား ယူဆောင်လာဖို့ မလိုအပ်ပေ။ သို့မဟုတ်ပါကမူ သင့်အိမ်ထောင်စု မိသားစုဝင်များ အားလုံးအတွက် အခွန်မတိုင်မီ ဝင်ငွေအား ပြသပေးရမည် ဖြစ်ပြီး၊ အောက်ဖော်ပြပါ အနည်းဆုံးတစ်ခုအား ယူဆောင်လာပေးရမည် ဖြစ်သည် –

- မကြာသေးမီ နောက်ဆုံး လုပ်ခဖြတ်ပိုင်းများ။
- စစ်မှုထမ်းဆိုင်ရာ ခွင့်ရက်နှင့် ဝင်ငွေရရှိမှု ထွက်ဆိုချက် (LES) ။
- စုစုပေါင်း ဝင်ငွေနှင့် လုပ်ခရရှိမှု ကြိမ်ရည်အား ဖော်ပြထားသည့် အလုပ်ရှင်ထံမှ စာ။
- လတ်တလော အခွန်ပြေစာ (အကယ်၍ ကိုယ်ပိုင်အလုပ်ဖြစ်လျှင်)။

# WIC လျှောက်လွှာ ရက်ချိန်းတစ်ခုတွင် မည်သည်တို့အား ကြုံတွေ့ရမည်နည်း။



- သင်၏ မည်သူမည်ဝါဖြစ်ကြောင်း၊ မည်သည့်နေရာတွင် နေထိုင်ကြောင်း နှင့် အိမ်ထောင်စု ဝင်ငွေ မည်မျှဖြစ်ကြောင်း သက်သေအထောက်အထားများအား ကြည့်ရှုစစ်ဆေး၍ အရည်အချင်းပြည့်မီမှုအား သုံးသပ်မည် ဖြစ်သည်။
- သင်သည် အခြားသော ဆေးခန်း သို့မဟုတ် ဆရာဝန်ရုံးခန်းမှ ဤအချက်အလက်များအား ယူဆောင်လာပေးသော အခြေအနေမှလွဲ၍ အရပ်အမြင့်၊ ကိုယ်အလေးချိန်နှင့် သံဓာတ်ပမာဏ သွေးစစ်ေ◌ဆးမှုတစ်ခုအား ဆောင်ရွက်ရမည် ဖြစ်သည်။
- သင့် ကျန်းမာရေး အခြေအနေနှင့် သင်၏ စားသောက်ပုံ အလေ့အကျင့်များ အကြောင်း သင့်ထံ မေးခွန်းများ မေးမြန်းမည် ဖြစ်သည်။
- သင့်တွင်ရှိသည့် အဟာရဆိုင်ရာ စိုးရိမ်ပူပန်မှုများ သို့မဟုတ် မေးခွန်းများ မှန်သမျှအား ဆွေးနွေးပေးမည် ဖြစ်သည်။
- သင်သည် WIC အတွက် အရည်အချင်းပြည့်မီခြင်း ရှိမရှိ သိရှိနိုင်ရန်ဗှာ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးသည် သင်၏ ကျန်းမာရေးဆိုင်ရာ အချက်အလက်များအား ကြည့်ရှုသုံးသပ်ပေးမည် ဖြစ်သည်။
- WIC-ထောက်ခံခွင့်ပြုထားသော အစားအသောက်များအား ဝယ်ယူရန် စတိုးဆိုင်တွင် အသုံးပြုနိုင်မည့် eWIC (ဒက်ဘစ်) ကတ် တစ်ကတ်အား သင် ရရှိမည် ဖြစ်သည်။
- WIC ဝန်ထမ်းတစ်ဦးသည် သင် ရရှိမည့် အစားအသောက်များ အားလုံးနှင့် WIC ထောက်ခံခွင့်ပြုထားသည့် အစားအသောက်များအား သင် မည်သို့ ဝယ်ယူရမည်ဖြစ်ကြောင်း ကြည့်ရှုစစ်ဆေးပေးမည် ဖြစ်သည်။




## WIC အစားအသောက် အကျိုးခံစားခွင့်များဖြင့် မည်သည့် အစားအသောက်များအား ဝယ်ယူနိုင်မည်နည်း။




- ☐ **အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ – လတ်လတ်ဆတ်ဆတ်၊ အေးခဲ၊ စည်သွပ်။**
- ☐ **100% အသီးအနှံ သို့မဟုတ် ဟင်းသီးဟင်းရွက် ဖျော်ရည်။**
- ☐ **မြေပဲထောပတ်၊ ပဲသီးများ နှင့် ဥများ။**
- ☐ **နို့၊ ဒိန်ခဲ၊ ဒိန်ချဉ်၊ တိုဖူးပဲပြား နှင့် ပဲနို့ ဖျော်ရည်များ။**
- ☐ **ကောက်နှံပြည့် ပေါင်မုန့်၊ စီရီရယ်များ၊ တော်တီလာများ၊ ဆန် နှင့် ပါစတာ။**
- ☐ **သင့်ကလေးငယ်အတွက် အစားအသောက်များ။**

ဤအစားအသောက်များအား အော်ဂဲနစ်များ အပါအဝင် ဘရန်းတံဆိပ်၊ အရွယ်အစားနှင့် အမျိုးအစား အမျိုးမျိုးတို့ ဖြင့် ရရှိနိုင်ပါသည်။


North Carolina ကျန်းမာရေးနှင့် လူသားဝန်ဆောင်မှုများဌာန • ကလေးနှင့်မိသားစု ကျန်းမာဖူလုံရေး ဌာနခွဲ၊ ရပ်ရွာအဖွဲ့အစည်း အဟာရဝန်ဆောင်မှုများ အပိုင်း • www.ncdhhs.gov/nc-wic-cacfp • ဤအဖွဲ့အစည်းသည် တန်းတူညီမျှသော အခွင့်အလမ်း ထောက်ပံ့သူ ဖြစ်သည်။ 09/2023 #0066-D


WIC NORTH CAROLINA